# လူသိရှင်ကြား ဝန်ခံတဲ့စာ

(၁)

ကာကီနဲ့ ကစမ်းပေါင်းစပ်

ပေါင်းလောင်းချက်မြှုတ်ရာအရပ်

(ကျနော်ရေးတဲ့ "သိကျိပ်" ကဗျာမှ)

သိကျိပ်ဆိုတဲ့ ပေါင်းလောင်းချောင်းဖျားမှာ မေးတင်ထားတဲ့ ရွာကလေးမှာ ကျနော်ဟာ ကျနော့်ရှေ့က ၆၂ မျိုးဆက်ဝင်၊ ပိုမိုလို့ အတိအကျပြောရရင် တိုင်းရင်းသားလူမျိုးများ ကျောင်းသားသမဂ္ဂရဲ့ နောက်ဆုံး အတွင်းရေးမှူး၊ လက်ရှိအနေအထားရ ကယမ်းပြည်သစ်ပါတီရဲ့ ဥက္ကဋ္ဌကြီး ငြိမ်းကယမ်းထန် (သို့) ကျောင်းသားခေါင်းဆောင် ဗိုလ်ရွှေအေးနဲ့ တွေ့ခဲ့တယ်။

ကျနော်သတိထားမိသလောက် ကျနော့်အပေါ် ဥက္ကဋ္ဌကြီး ဗိုလ်ရွှေအေးဟာ တစုံတရာ တန်ဖိုးထားခဲ့တယ် ဆိုတာပါ။ ဥက္ကဋ္ဌကြီး ငြိမ်းကယမ်းထန်ရဲ့ လုံခြုံရေးတပ်ဖွဲ့က တပ်မှူးလေး ကျနော်နဲ့ ကျနော်လုံခြုံရေး ယူပေးထားတဲ့ ဥက္ကဋ္ဌကြီးတို့ဟာ မကြာမကြာဆိုသလိုပဲ စကားတွေပြောဖြစ်ကြတယ်။ ကျနော် မေးတဲ့ မေးခွန်းတွေကိုလည်း တလေးတစား ဖြေကြားပေးခဲ့တယ်။ အကြောင်းအရာပေါင်းများစွာကိုလည်း တလေးတစား ပြောကြားခဲ့တယ်။

အေးဗျာ ... အဲဒီကာလတွေက ကျနော် အတော် ငယ်ရွယ်ခဲ့တယ် ဗျာ။ တကယ်ပါပဲ။ တကယ်ကို ငယ်ခဲ့တာပါ။ ရဲဘော်ကြီး ဗိုလ်ရွှေအေးက သူပြောခဲ့သမျှ တိုင်းရင်းသားလူမျိုးများ ကျောင်းသားသမဂ္ဂ အကြောင်းတွေ။ ကယမ်းပြည်သစ်ပါတီ စတင်ထူထောင်ခဲ့တဲ့ ကာလကနေ အပစ်ရပ်ကာလအထိ ဖြတ်သန်းခဲ့တဲ့ သူ့ဘဝနဲ့ သူ့ ပါတီတို့ရဲ့ စွန်စားခန်းတွေ။ ပါတီထူထောင်ကာစ ဝိုင်းပတ်ပိတ်ဆို့တာကို ခံခဲ့ရလို့ အစုလိုက် အပြုံလိုက် သူရဲ့ဘော်တွေ ကျဆုံးခဲ့ရတာတွေ။ စစ်အုပ်စုက ပစ်ထုတ်လိုက်တဲ့ လက်ပစ်ဗုံးတွေကို ခြေထောက်နဲ့ ကန်ထုတ်နေရင်း ခုခံခဲ့ကြပုံတွေ၊ (အဲဒီနေ့ကို အစွဲပြုပြီး ကယမ်းအာဇာနည်နေ့ အဖြစ် သတ်မှတ်ထားပါတယ်) နောက် ... ဗမာပြည်ကွန်မြူနစ်ပါတီနဲ့ မဟာမိတ်ပြုပြီး ကယမ်းပြည်သစ်ပါတီနဲ့ ကယမ်းအမျိုးသားတော်လှန်ရေး ကို အသက်ဓာတ်ဆက်ခဲ့ပုံတွေ။ ဗကပ မှာ တော်လှန်တဲ့ သဘောတရားရေး သင်တန်းတွေ တက်ခဲ့ရပုံတွေ။ တရုပ်ပြည်ကို လေ့လာရေးခရီးထွက်ခဲ့ရပုံတွေ။ အင်မတန်မှ ခေတ်နောက်ကျတဲ့ (တောင်ယာခုတ်ဖို့ နယ်မြေအတွက် တရွာနဲ့ တရွာ တူးမီးသေနတ်တွေနဲ့ စစ်တိုက်ပြီး ယူကြတဲ့ဓလေ့ဟာ ကယမ်းနယ်မြေမှာ ၈၀ စုနှစ်တွေ မတိုင်ခင်အထိ ရှိခဲ့ပါတယ်) ကယမ်းလူမျိုးနဲ့ ကယမ်းနယ်မြေထဲကို တိုးတက်တဲ့ အတွေးအခေါ် သဘောတရား တင်သွင်းရာမှာ ဖြစ်ပေါ်ခဲ့တဲ့ အခက်အခဲတွေ။ သူကိုယ်တိုင် သူ့ရဲဘော်တွေကို စာသင်ပေးရပုံတွေ (သူစာသင်ပေးခဲ့တဲ့ သူရဲဘော်တွေဟာ အခုအချိန်မှာတော့ ကယမ်းပြည်သစ်ပါတီရဲ့ ပေါ်လစ်ဗျူရိုဝင်တွေ၊ ဗဟိုကော်မတီဝင်တွေ ဖြစ်ကုန်ကြပါပြီ။) ကယမ်းလူမျိုးတွေက တောင်ယာခုတ်ရင် စစ်ရေးအမြင်ရှိရှိနဲ့ ရန်သူကို ချေမှုန်းလို့ရနိုင်မယ့် တောင်ကုန်းတွေမှာ သတ်ကွင်းတွေ အဖြစ်ပါ သုံးလို့ရအောင် ခုတ်ပေးကြပုံတွေ။ ၈၉ - အရေးနိမ့်မှုအပြီးမှာ တော်လှန်ရေးရဲ့ အချက်အချာဟာ တောင်ပိုင်းကို ရွှေ့လျားသွားခဲ့ပြီလို့ သတ်မှတ်ပြီး "မာနယ်ပလော" ကို ထွက်ခွာခဲ့ပုံတွေ။ မဟာမိတ်ပြုမှု အသစ် အတွက် တောင်ပိုင်းသို့ ခရီးသွားခြင်းမှာ ကြုံတွေ့ခဲ့ရတဲ့ အခက်အခဲတွေ။ KNPP၊ ကျောင်းသားတပ်က အမှတ် (၆၀၁) တပ်ရင်း မတူတဲ့အမြင်နဲ့ မတူတဲ့ ဆက်ဆံရေးပုံစံတွေ။ (၆၀၁) တပ်ရင်းက သူ့အပေါ်မှာ နွေးထွေးလေးစားတဲ့ ဆက်ဆံရေးနဲ့ ဆက်ဆံခဲ့တာပါ။ မာနယ်ပလောမှာ တပ်ပေါင်းစုထဲ ပါဝင်ဖို့ ဆောင်ရွက်ခဲ့ရာမှာ လက်ဝဲအနွယ်ဝင်၊ ဗကပနဲ့ မဟာမိတ်ပြုဖူးသူ၊ ... စတဲ့ အမြင်တွေအောက်က သဘောထားတွေ။ ရလလဖနဲ့ ကယမ်းပြည်သစ်ကို DအB နဲ့ NCဉB က သီးခြားစီ လက်ခံခဲ့ပုံတွေ။ အပစ်အခတ်ရပ်စဲရေးနဲ့ စပ်လျဉ်းပြီး သူ့ပါတီ

အပေါ် သူတာဝန်ခံခဲ့ပုံတွေ။ ... စသည် အားဖြင့် အကြောင်းအရာပေါင်းများစွာကို စာရေးထားဖို့ ဆန္ဒရှိခဲ့တယ်။ သူက အလေးအနက်ထားပြီး "အသေးလေး အဲဒါတွေကို ခင်ဗျားက ရေးထားသင့်တယ်။ ကျနော်ပြောပြမယ် ခင်ဗျားက ရေးပေ့ါလို့" အခွင့်အရေးပေးဖူးတယ်။ တကယ်ပါပဲဗျာ ကျနော်အဲဒီအချိန်က အဲဒါတွေကို ရေးထားဖို့ ကျနော့်ကိုယ် ကျနော် အယုံအကြည် မရှိခဲ့ဘူး။ ဒ့ါကြောင့် အဲဒါတွေ စာနဲ့ ပေနဲ့ ရှိမနေခဲ့တော့ဘူး။ သမိုင်းကွင်းဆက်အရ အင်မတန် တန်ဖိုးကြီးတဲ့ အကြောင်းအရာတွေပါ။ လက်လွှတ်ခဲ့ရတယ်။ တကယ်တော့ ဥက္ကဌကြီး ဗိုလ်ရွှေအေးက ငယ်ရွယ်ပေမယ့် သူသဘောကျခဲ့တဲ့ ကျနော့်ကို ကြီးရင့်ခွင့်ပေးခဲ့တာပါ။ ကျမ်းပြုပုဂ္ဂိုလ်၊ တော်လှန်တဲ့ စာရေးဆရာ ဖြစ်စေခဲ့တာပါ။ ဒါပေမယ့် ကျနော်က ငယ်ရွယ်ခဲ့တယ်။

(၂)

တော်လှန်တဲ့ ပညာတတ်ဆိုတာ လယ်သမားဘဝ ခံယူရမယ်

(ဥက္ကဌကြီး ဗိုလ်ရွှေအေး)

ကယမ်းပြည်သစ်မှာ နေခဲ့ရတဲ့ ကာလတလျောက်လုံး ကျနော်တို့ဟာ ယူနီဖောင်းဝတ်ထားတဲ့ လယ်သမားတွေပါပဲ။ အခါရာသီအလိုက်ပါပဲ။ လယ်ထွန်ရတယ်။ တောင်ယာခုတ်ရတယ်။ ကောက်စိုက်ရတယ်။ စူးထိုးရတယ်။ သမန်းနိုးရတယ်။ ပေါင်းလိုက်ရတယ်။ ရိတ်သိမ်းရတယ်။ ရိတ်သိမ်းရတယ်။ "ကယမ်းငရုပ်၊ ရှမ်းပဲပုတ်" ထိုအဆိုအတိုင်း ငရုပ်လည်းခူးရတယ်။ စပါးပုတ်ရတယ်။ စပါးပုတ်ရတယ်။ နေ့တဓူဝပါပဲ။

တကယ့်ကိုပဲ တောင်ပေါ်သားတွေအတိုင်းပါပဲ။ ပေါင်းလိုက်ရင်း တောင်ယာထဲမှာ ဟင်းစား ရှာရတယ်။ မှျစ် ချိုးလို့ စားကြတယ်။ ပေါင်းလောင်းမှာ ခရုငုတ်ပြီးစားရတယ်။ ပေးတဲ့ စတိုင်ပင်က ဗမာငွေ ကျပ် ၅၀၀။ ဘယ်မှာ ဆီဝယ်ပြီး စားနိုင်မလဲ။ ခူးလာတဲ့ ဟင်းသီး ဟင်းရွက်တွေကို ရေလုံပြုတ် ဟင်းချိုမှုန့်ခတ်ပြီး စားရတာပါပဲ။

အင်း ... တော်လှန်တဲ့ ပညာတတ်ကလေး လယ်သမားဘဝ ခံယူတဲ့ ပွဲပေ့ါ။

(၃)

ဥက္ကဌကြီး ဗိုလ်ရွှေအေးဟာ ကျနော်တို့နဲ့ ပတ်သက်ပြီး ပြတ်သားတဲ့ ရပ်ခံမှု ပြုပေးခဲ့ပါတယ်။ ကျနော်တို့ဟာ အခြေခံ ဒေသထိုးဖောက် ဖော်ဆောင်နိုင်ရေးအတွက် KNဥ တပ်မဟာ (၂) ဒေသကို ခြေကုတ်ယူပြီး လယ်ဝေး၊ ရေတာရှည်၊ ဆွာ အဲဒီ ဒေသတွေကို ထိုးဖေါက်ဖို့ ကြိုးစားခဲ့ပါတယ်။ တစုံတရာအောင်မြင်ခဲ့တယ် ပြောရမယ်ထင်ပါတယ်။ ကျနော်တို့ဟာ အဲဒီ ဒေသမှာ လူထုကို မှီခိုပြီး ရပ်တည်နိုင်တဲ့အထိ လုပ်နိုင်ခဲ့ပါတယ်။ ၉၇ လောက်ကစပြီး ဗဟိုက ကျနော်တို့ အခြေခံဒေသ ထိုးဖောက်ရေး စစ်ကြောင်းကို ထောက်ပံ့မှု အလုမ်းဝေးသွားခဲ့ပါတယ်။ ကျနော်တို့ လူထုကို မှီခိုပြီး ရပ်နိုင်ခဲ့ပါတယ်။ ပစ်မှတ် ဒေသထဲကို ကိုယ့်တပ်တွေ ဝင်ထွက်လှုပ်ရှားနိုင်တဲ့အထိ ရခဲ့ပါတယ်။ ဒေသခံတွေကို တပ်ထဲမှာ အပျော်တမ်း တပ်သားတွေအဖြစ် ပါဝင်နိုင်အောင် လုပ်နိုင်ခဲ့ ပါတယ်။ ဒီအချက်အလက်တွေကို ယူပြီး မကာဒတမှာ အခြေခံဒေသရှိတယ်လို့ ကျနော်တို့ ပြောကြတာပါ။ ပဲခူးရိုးမကိုလည်း ရေးရေးပြပြ မြင်တွေ့နေရတဲ့ ဒေသပေ့ါ။ အဲဒီ စစ်ဆင်ရေးကို အကောင်အထည်ဖေါ်နေရင်းကြားဒေသကို တာဝန်ယူနေတဲ့ ဗိုလ်အားဒီရဲ့ တပ်ခွဲဟာ စစ်အုပ်စုနဲ့ အပစ်ရပ်ခဲ့ပါတယ်။ ကျနော်တို့ အထူးဒေသထဲမှာ၊ ခြေကုတ်ဒေသထဲမှာ ဝိုင်းပတ်ပိတ်ဆို့မှု ခံရပါတော့တယ်။ ကျနော်တို့ရဲ့ ထွက်ပေါက်ဟာ ကယမ်းပြည်သစ် နယ်မြေပဲ ရှိပါတော့တယ်။ ကျနော်တို့ ညှိနှိုင်းခဲ့ကြပါတယ်။ သွားရောက်ညှိနှိုင်းရာမှာ ကိုထူးအောင်အပေါ် ဆက်ဆံရေး မချောင်မှု တစုံတရာ ရှိခဲ့ပေမယ့် အနှစ်ချုပ်ကတော့ ကျနော်တို့ တပ်ဖွဲ့ကို ခိုလှုံခွင့်ပြုခဲ့ပါတယ်။ ကျနော်တို့ တပ်ဖွဲ့ ကယမ်းပြည်သစ် နယ်မြေထဲ

ဝင်သွားတာကို စစ်အုပ်စုက သိသွားတဲ့အခါ ဦးတ္တဒိုးကြီး ငြိမ်းကယမ်းထန်ဆီကို နယ်မြေခံ ထောက်လှမ်းရေးက ပြောလာပါတယ်။

ရောက်လာတဲ့ ကျောင်းသားတွေကို လူရော၊ လက်နက်ရောအပ်ပါ

မအပ်ဘူး

လက်နက်တွေ ယူထားပါ လူတွေကို အပ်ပါ

မအပ်ဘူး

ဦးတ္တကြီးကို ဒီမောဆို၊ လွိုင်ကော် အပါအဝင် ဘယ်မြို့ပေါ်ကိုမှ တက်ခွင့်မပေးတော့ဘူး

မတက်ဘူး

၁၉၉၈ မှာ ဒီချုပ်က တိုက်ပွဲခေါ်ခဲ့ပါတယ်။ မေ ၉၀ မှာ အရွေးအချယ်ခံခဲ့ရတဲ့ ကိုယ်စားလှယ်တွေနဲ့ လွှတ်တော် ဖွဲ့စည်းမယ်ဆိုတဲ့ တိုက်ပွဲ ခေါ်သံပါ။ ဒီချုပ်နဲ့အတူ ကယမ်းပြည်သစ်က ရပ်ခံခဲ့ပါတယ်။ ဒီချုပ်ဟာ လွှတ်တော် မဖွဲ့စည်းနိုင်ပဲ ကိုယ်စားပြုကော်မတီ (CRPP) ဖွဲ့စည်းခဲ့ပါတယ်။ စစ်အုပ်စုနဲ့ ကယမ်းပြည်သစ်ပါတီအကြား ဆက်ဆံရေးကတော့ တင်းမာခဲ့ပါတယ်။ လွိုင်ကော်ရုံးပိတ်လိုက်ရပါတယ်။

ကယမ်းပြည်သစ်ပါတီဟာ အပစ်ရပ်ထားတဲ့ အချိန်အထိ ပါတီဝင်အင်အား နည်းပါးခဲ့ပါတယ်။ ဒါ့ကြောင့် ပါတီဝင် အင်အားသိမ်းသွင်းရေးကို မူချမှတ်ခဲ့ပါတယ်။ ခွဲကေဒါ အားလုံး ပါတီဝင်ဖြစ်ရေးကို မူချပြီး ဆောင်ရွက်ခဲ့ပါတယ်။ ပါတီဝင် ခွဲကေဒါတွေကို အရည်အသွေး မြင့်တင်နိုင်ရေးအတွက် နိုင်ငံရေး သင်တန်းပေးဖို့ လုပ်ခဲ့ပါတယ်။ အဲဒီ နိုင်ငံရေးသင်တန်းမှာ သင်တန်းမှူးတွေက ရဲဘော်ကြီး ဗိုလ်ရွှေအေးနဲ့ နိုင်ငံရေးမှူး ရဲဘော်ဌေးအောင်ပါ။ ထူးခြားတာက အဲဒီ သင်တန်းမှာ ကျနော်က မှတ်တမ်းလိုက်သူအဖြစ် ပါဝင်ခွင့် ရခဲ့တာပါ။ ဦးတ္တဒိုးကြီး ဗိုလ်ရွှေအေးရဲ့ ကျနော့်အပေါ်ထားတဲ့ လေးနက်မှုပါ။ ဝမ်းသာပြီး ဂုဏ်ယူခဲ့ပါတယ်။ အဲဒီသင်တန်းမှာ ကျနော်အကဲခတ်မိသလောက်ပြောရရင် လက်ဝဲအနွယ်ဝင် ဦးတ္တဒိုးကြီး ဗိုလ်ရွှေအေးဟာ ပြည်ထောင်စုတည်ဆောက်ရေးမှာ တိုင်းရင်းသားလူမျိုးများ ကိုယ်ပိုင်ပြဌာန်းခွင့်ရှိရေးကို သဘောကျတယ် ဆိုတာပါပဲ။

တရက် ကယမ်းတော်လှန်ရေးနေ့မှာ ရိုက်ကူးထားတဲ့ ဗီဒီယိုခွေကို ဦးတ္တဒိုးကြီး ဗိုလ်ရွှေအေး အိမ်မှာ ထိုင်ကြည့်နေကြပါတယ်။ သူမိန့်ခွန်းပြောတာကိုလည်း ဗီဒီယို ရိုက်ကူးထားတာမို့ ကြည့်နေကြပါတယ်။ ကြည့်နေရင်းကနေ ဦးတ္တဒိုးကြီး ဗိုလ်ရွှေအေးရဲ့ တူမလည်းဖြစ်၊ ရဲဘော်မလည်းဖြစ်တဲ့ တိုးတိုးက "အဖေကြီးက တိန့်ရှောင်ဖိန်နဲ့ တူတယ်"လို့ ကောက်ခါ ငင်ခါ ပြောချလိုက်တယ်။ အဲဒီ အသံကြားတော့ ရဲဘော်ကြီး ဗိုလ်ရွှေအေးက သမင်လည်ပြန် ပြန်ကြည့်ပြီး ကျေနပ်စွာ ပြုံးနေပါတော့တယ်။ ကျနော် အကဲခတ်မိသလောက် ဦးတ္တဒိုးကြီး ဗိုလ်ရွှေအေးဟာ တိန့်ရှောင်ဖိန်ကို သဘောကျတယ် ဆိုတာပါပဲ။

(၄)

လုပ်အား

နစ်ပတ်လည် စက်ယန္တယား

ဝမ်းစာ

နစ်လည်ဆို ပြောင်းဖူးစားရပြီ

မြတ်စွာဘုရား

လယ်သမားဘဝခံယူကြဆိုပါလား။

(ကျနော် ရေးခဲ့ဖူးတဲ့ "အဟောင်း အနွမ်း" ကဗျာမှ)

ကယမ်းပြည်သစ်ပါတီရဲ့ တပါတီလုံးပါဝင်တဲ့ ဆွေးနွေးပွဲပါ။ ရည်ရွယ်ချက်က ပါတီကို ဒီမိုကရေစီ ဖွင့်ပေးတဲ့အနေနဲ့ လုပ်တဲ့ ဆွေးနွေးပွဲပါ။ ပါတီ ဗဟိုကော်မတီဝင်အားလုံးလည်း တက်ရောက်ကြပါတယ်။ အစဉ်အတိုင်း ဆွေးနွေးမှုတွေ လုပ်ကြပါတယ်။ ဗဟိုကော်မတီဝင်တွေ ဆွေးနွေးအပြီးမှာ ရဲဘော်တွေကို ဆွေးနွေးခွင့်ပေးပါတယ်။

ရဲဘော်တွေကို ပါဝင်ဆွေးနွေးဖို့ ဖိတ်ခေါ်ပါတယ်

.... .... .... .... .... .... ....

ရဲဘော်တွေကို ပါဝင်ဆွေးနွေးဖို့ ဖိတ်ခေါ်ပါတယ်

ရဲဘော်ဇော်ကိုနိုင် ထ ပါတယ်

"ပါတီတွင်း ဒီမိုကရေစီဖွင့်ပေးဖို့ ဒီဆွေးနွေးပွဲလုပ်တယ်လို့ ပြောပါတယ်။ ဒါပေမယ့် မညီမျှတာကို တွေ့နေရပါတယ်။ ကျနော်တို့ အားလုံးက နေပူကြီးထဲမှာ ထိုင်နေရပြီး ဗဟိုကော်မတီဝင်တွေကတော့ အမိုးအောက်မှာ အရိပ်အောက်မှာပါ"

ရဲဘော်တွေ အကုန်လုံး တိုးတိုးတိတ်တိတ်နဲ့ ခိုးခိုးခစ်ခစ် ဖြစ်ကုန်ပါတယ်။ ဗဟိုကော်မတီဝင် လူကြီးတွေကတော့ မျက်နှာမဲ့ခနဲ ဖြစ်သွားပါတယ်။

ရဲဘော်တွေကို ပါဝင်ဆွေးနွေးဖို့ ဖိတ်ခေါ်ပါတယ်

.... .... .... .... .... .... ....

ရဲဘော်တွေကို ပါဝင်ဆွေးနွေးဖို့ ဖိတ်ခေါ်ပါတယ်

.... .... .... .... .... .... ....

ကျနော်ထလိုက်ပါတယ်

"ဥက္ကဋ္ဌကြီးက ကျနော်တို့ ပညာတတ်တွေကို လယ်သမားဘဝ ခံယူရမယ်လို့ တောင်းဆိုပါတယ်။ ဒီတောင်းဆိုချက်ဟာ အဓိပ္ပါယ်မရှိဘူးလို့ ထင်ပါတယ်။ ကျနော်တို့ဟာ တော်လှန်ရေးသမားဘဝကို ခံယူထားကြတာပါ။ ဒီမိုကရေစီ ဖွင့်ထားပေးတယ်ဆိုလို့ တင်ပြတာပါ။"

ဥက္ကဋ္ဌကြီး ဗိုလ်ရွှေအေး ကျနော်ကို စိုက်ကြည့်နေပါတယ်။ စိတ်မကောင်းဖြစ်နေတဲ့ ပုံလည်းပေါ်ပါတယ်။

ညနေကြတော့ ကျနော့်ကို သူ့အခန်းကို ခေါ်ပါတယ်။

"အသေးလေးက ဘာလို့ အဲလို ပြောလိုက်တာလည်း။"

"ကမ္ဘောဒီယားက ပိုပေါ့လည်း အဲဒီလိုအမြင်နဲ့ ပညာတက်မှန်သမျှကို လယ်ထဲမောင်းချတာကို သတိရသွားလို့ပါ"

"ပိုပေါ့က အစွန်းရောက်လွန်းပါတယ်"

အဲဒီနေ့က အဖြစ်အပျက်ကို ကိုဇော်ကိုနိုင်တော့ ဘယ်လို သတိရနေမယ်ဆိုတာ မသိတက်ပါဘူး။ ကျနော်ကတော့ သတိရမိတိုင်း မိမိကိုယ်ကို ပြန်ပြုံးပြမိပါတယ်။ ခပ်ထွေထွေအပြုံးပါ။ ပုဂ္ဂလိက အပင်ပန်းမခံနိုင်မှုကို ဗဟိုပြုပြီး ဖြစ်ပေါ်လာတဲ့ အချောင်သမား ဝါဒ ဝေဖန်ရေး ပါလားလို့ မြင်မိလာလို့ပါ။

ညိုထက် (လမ်းသစ်ဦး)